# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲအတွက်
## မေးလေ့မေးထရှိသော အမေးအဖြေများ

## ကြားဖြတ်ရွေးကောက်ပွဲ ဆိုသည်မှာ အဘယ်နည်း။

မြန်မာနိုင်ငံရှိ ဥပဒေပြု လွှတ်တော်(၃)ရပ်တွင် ရွေးကောက်ပွဲကြီးပြီးနောက် လစ်လပ်သွားသော နေရာများအတွက် ကြားဖြတ်ရွေးကောက်ပွဲများကျင်းပကာ ကိုယ်စားလှယ်များ ပြန်လည်ရွေးကောက်တင်မြှောက်ရခြင်းဖြစ်သည်။ ၂၀၁၆ခုနှစ် ဩဂုတ်လနောင်းပိုင်းတွင် လွှတ်တော်(၃)ရပ်အတွင်း လစ်လပ်နေရာ စုစုပေါင်း(၁၉)နေရာ ရှိခဲ့သည်။ ထိုသို့ လစ်လပ်နေရာများ ဖြစ်လာရခြင်း အကြောင်းအရင်းများမှာ၂၀၁၅ခုနှစ် ရွေးကောက်ပွဲအတွင်း ရွေးကောက်တင် မြှောက်ခံခဲ့ရသော လွှတ်တော်ကိုယ်စားလှယ်များမှ အချို့သည် အုပ်ချုပ်ရေးမဏ္ဍိုင်တွင် တာဝန်ခန့်အပ်ခံရခြင်းနှင့် အချို့မှာ ကွယ်လွန်သွားခြင်းတို့ကြောင့်ဖြစ်သည်။ ထို့အပြင် ၂၀၁၅ရွေးကောက်ပွဲအတွင်း လုံခြုံရေးအခြေအနေအရ ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့သော ရှမ်းပြည်နယ်ရှိ မိုင်းရှူးမြို့နယ် နှင့် ကျေးသီးမြို့ နယ်တို့တွင် ကြားဖြတ်ရွေးကောက်ပွဲကတစ်ဆင့် ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက် သွားမည် ဖြစ်သည်။

## ကြားဖြတ်ရွေးကောက်ပွဲကိုမည်သည့်အချိန်တွင်ကျင်းပသနည်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အရ ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၇ခုနှစ် ဧပြီလ(၁) ရက်နေ့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

## ကြားဖြတ်ရွေးကောက်ပွဲကို မည်သည့်နေရာဒေသများတွင် ကျင်းပမည်နည်း။

စုစုပေါင်းလစ်လပ်သောနေရာ (၁၉) နေရာကို တိုင်းဒေသကြီး/ပြည်နယ် (၈) ခု မှ (၂၂) မြို့နယ်တွင် ကျင်းပသွားမည် ဖြစ်သည်။ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် လွှတ်တော်အလိုက် လစ်လပ် သောနေရာ အရေအတွက်မှာ ပြည်သူ့လွှတ်တော်၌ (၉) နေရာ၊ အမျိုးသားလွှတ်တော်၌ (၃) နေရာ၊ တိုင်းဒေသကြီးလွှတ်တော်၌ (၇)ခေနေရာရှိပါသည်။ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် နေရာဒေသ များကို အောက်ဖော်ပြပါဇယားကွက်တွင် ကြည့်ရှု နိုင်ပါသည်။

| **လွှတ်တော်များ** | **တိုင်းဒေသကြီးအလိုက် လစ်လပ်သောနေရာ** | **မဲဆန္ဒနယ်အလိုက် လစ်လပ်သောနေရာ** | **မြို့နယ်များ** |
|---|---|---|---|
| အမျိုးသား လွှတ်တော် | ပဲခူး | ပဲခူးခရိုင် | ကျောက်တံခါး |
| | | | ညောင်လေးပင် |
| | ချင်း | ဟားခါးခရိုင် | ထန်တလန် |
| | ရန်ကုန် | အနောက်ပိုင်းခရိုင် | အလုံ |
| | | | ကမာရွတ် |
| | | | ကြည့်မြင်တိုင် |
| | | | လသာ |
| | | | ဆိပ်ကမ်း |
| | | | လှိုင် |
| | | | လမ်းမတော် |
| ပြည်သူ့ လွှတ်တော် | မွန် | မော်လမြိုင်ခရိုင် | ချောင်းဆုံ |
| | စစ်ကိုင်း | မုံရွာခရိုင် | မုံရွာ |
| | ရခိုင် | ကျောက်ဖြူခရိုင် | အမ်း |
| | ရှမ်း | လွိုင်လင်ခရိုင် | ကျေးသီး |
| | | လွိုင်လင်ခရိုင် | မိုင်းရှူး |
| | ရန်ကုန် | မြောက်ပိုင်းခရိုင် | လှိုင်သာယာ |
| | | တောင်ပိုင်းခရိုင် | ကော့မှူး |
| | | အရှေ့ပိုင်းခရိုင် | ဒဂုံမြို့သစ် (ဆိပ်ကမ်း) |
| | | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) |

| | | | |
|---|---|---|---|
| တိုင်းဒေသကြီး | ကယား | လွိုင်ကော်ခရိုင် | ဖရူဆိုမဲဆန္ဒနယ် ၁ |
| လွှတ်တော် | ရှမ်း | လွိုင်လင်ခရိုင် | ကျေးသီး မဲဆန္ဒနယ် ၁ |
| | | လွိုင်လင်ခရိုင် | ကျေးသီး မဲဆန္ဒနယ် ၂ |
| | | လွိုင်လင်ခရိုင် | မိုင်းရှူး မဲဆန္ဒနယ် ၁ |
| | | လွိုင်လင်ခရိုင် | မိုင်းရှူး မဲဆန္ဒနယ် ၂ |
| | | ကျိုင်းတုံ | ကျိုင်းတုံ မဲဆန္ဒနယ် ၂ |
| | | ညောင်ရွှေ | ညောင်ရွှေ မဲဆန္ဒနယ် ၁ |

**မည်သည့်အကြောင်းအရင်းကြောင့် ကြားဖြတ်ရွေးကောက်ပွဲကို တစ်ချို့နေရာများတွင်ကျင်းပပြီး၊ တစ်ချို့နေရာများတွင် မကျင်းပသနည်း။**

ကြားဖြတ်ရွေးကောက်ပွဲဆိုသည်မှာ လစ်လပ်သွားသောနေရာများကို ဖြည့်စွက်ရန်သာ ကျင်းပသောကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ကျင်းပရန် မလိုအပ်ပေ။ ၂၀၁၅ခုနှစ်တွင် လုံခြုံရေးအခြေအနေအရ ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့သော နေရာဒေသအကုန်လုံးတွင်လည်း ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်မည် မဟုတ်ဘဲ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြေညာပြီးဖြစ်သည့် မိုင်းရှူးနှင့် ကျေးသီးမြို့များတွင်သာ ကျင်းပပြုလုပ်မည် ဖြစ်သည်။ ကျန်နေရာဒေသများတွင်မူ လုံခြုံရေးအရ ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည် မဟုတ်ပေ။

**ကြားဖြတ်ရွေးကောက်ပွဲတွင် မည်သူမဆို မဲပေးနိုင်ပါသလား။**

ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးမည့်သူများမှာ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မိမိသက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူ ဖြစ်ရပါမည်။ သတ်မှတ်ထားသော စည်းမျဉ်းများ စံချိန်စံနှုန်းများနှင့်အညီ မဲပေးခွင့်ရှိသူများသည် ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ မဲစာရင်းတွင် ပါဝင်ရန် တောင်းဆိုနိုင်သည်။ မဲစာရင်းနှင့်ပတ်သတ်သော အမေးအဖြေများကို မဲစာရင်းပြုစုခြင်း အမေးအဖြေကဏ္ဍတွင် ပိုမိုအသေးစိတ် လေ့လာနိုင်ပါသည်။

**မည်သည့်နေရာတွင်မဲပေးရမည်နည်း။**

ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်များတွင် မဲရုံများဖွင့်လှစ်ထားရှိမည် ဖြစ်သည်။ မဲစာရင်းများ ကြေညာပြီးကပ်ထားချိန်တွင်လည်း ထိုမဲစာရင်းတွင် မဲရုံများ၏ တည်နေရာများ ပါရှိမည်ဖြစ်သည်။ မဲစာရင်းများကို ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလ(၁)ရက်နေ့မှ (၁၄)ရက်နေ့အထိ ကပ်ထားကြေညာမည်ဖြစ်သည်။ မဲဆန္ဒရှင်များမှလည်း ၎င်းတို့နှင့် သက်ဆိုင်သောမဲရုံ၏ တည်နေရာများကို ရပ်/ကျေးရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကြားဖြတ်ရွေးကောက်ပွဲတွင် ကြိုတင်မဲပေးခြင်းများ ပါရှိပါသလား။**

ပါရှိပါသည်၊ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်များအနေဖြင့် မိမိတို့၏သက်ဆိုင်ရာ မဲဆန္ဒနယ်အတွင်း၌ဖြစ်စေ၊ မဲဆန္ဒနယ်ပြင်ပ၌ ဖြစ်စေ ကြိုတင်မဲပေးသည့်လုပ်ငန်းစဉ်များအတိုင်း မဲပေးနိုင်ပါသည်။ မဲဆန္ဒနယ်အတွင်းရှိ ကြိုတင်မဲပေးခြင်းများကို ရွေးကောက်ပွဲနေ့ မတိုင်ခင်နှစ်ရက် ကြိုတင် မဲပေးနိုင်မည် ဖြစ်သည်။

မဲဆန္ဒနယ် ပြင်ပရောက်ကြိုတင်မဲ ပေးမည့်သူများမှာ ပုံစံ(၁၅)ဖြင့် စာရင်းပေးသွင်းရမည် ဖြစ်သည်။ ပြီးနောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်မှ စီစစ်ပြီး ကြိုတင်မဲလက်မှတ်ကို စာအိတ်ထဲတွင် ထည့်၍ သက်ဆိုင်ရာ ကြိုတင်မဲပေးမည့် နေရာသို့ပို့ဆောင်ပေးမည်ဖြစ်သည်။

### ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များကပေးသော နိုင်ငံပြင်ပရောက် မဲပေးခြင်းများ ပါရှိပါသလား။

ပါရှိပါသည်၊ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် မဲဆန္ဒနယ်မဲစာရင်းတွင် ပါရှိသော မဲဆန္ဒရှင်များသည် နိုင်ငံပြင်ပရောက် မဲပေးခြင်းလုပ်ငန်းစဉ်အတိုင်း မဲပေးခွင့်ရှိပါသည်။ မဲစာရင်းတွင်ပါရှိသော မဲဆန္ဒရှင်များသည် နိုင်ငံပြင်ပရောက် မဲပေးသူအနေဖြင့် နီးစပ်ရာ မြန်မာသံရုံးများတွင် နိုဝင်ဘာ (၁၅) ရက်နေ့မှ ဒီဇင်ဘာ(၅) ရက်နေ့အထိ ပုံစံ (၁၅) ကိုဖြည့်စွက်၍ စာရင်းပေးရမည်ဖြစ်သည်။

### မဲဆွယ်စည်းရုံးခြင်းကာလမှာ မည်သည့်အချိန်တွင် စတင်ကာ မည်မျှကြာမြင့်မည်နည်း။

မဲဆွယ်စည်းရုံးခြင်းကာလမှာ ရက်ပေါင်း (၆၀) ကြာမြင့်မည်ဖြစ်ပြီး၊ ၂၀၁၇ခုနှစ် ဇန်နဝါရီလ (၃၀) ရက်နေ့မှ စတင်၍ မတ်လ (၃၀) ရက်နေ့တွင် အဆုံးသတ်မည်ဖြစ်သည်။

### မဲပေးခြင်းစနစ်များမှာတူညီပါသလား။

၂၀၁၇ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပေးနည်းစနစ်များမှာ ၂၀၁၅ခုနှစ် ရွေးကောက်ပွဲအတွင်း အသုံးပြုခဲ့သည့် မဲပေးနည်းစနစ်များအတိုင်းပင် ဖြစ်သည်။

### ရွေးကောက်ပွဲရလာဒ်များကို မည်ကဲ့သို့ ကြေညာမည်နည်း။

မဲရုံများနှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်ခွဲများမှ မဲများကို ပေါင်းစည်းရေတွက်ပြီးနောက် အတည်ပြုကာ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်များတွင် ကြေညာသွားမည် ဖြစ်သည်။